UPWC-JCCT Nationwide Ceasefire Talks Joint Press Statement
(Unofficial translation)

10 March 2014

1. On March 9-10, 2014, members of the Union Peace Making Work Committee, Tatmadaw representatives, Hluttaw members, and representatives of the ethnic armed groups' Nationwide Ceasefire Coordination Team (NCCT) held cordial discussions at the Myanmar Peace Center.

2. Both sides agreed to jointly draft a single text of the nationwide ceasefire agreement. To facilitate this effort, the two sides agreed to establish a Joint Nationwide Ceasefire Drafting Work Group composed of an equal number of members from both sides.

3. The two sides agreed to meet for further discussions during the last week of March 2014. There was also agreement to invite other ethnic armed groups to the next nationwide ceasefire coordination meeting.

4. The two sides agreed to prepare a draft of the nationwide ceasefire agreement with the following seven (7) sections:

Preamble
Section 1 – Background (or Basic Principles)
Section 2 – Aims and Goals
Section 3 – Ceasefire Matters
Section 4 – Ways and Means for a Lasting Ceasefire
Section 5 – Political Dialogue Guarantees
Section 6 – Ongoing Work
Section 7 – General Matters

5. All participants agreed to strive together to prepare and implement the nationwide ceasefire agreement, and to begin political dialogue as soon as possible.

# တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ဆိုင်ရာ ပူးတွဲသတင်းထုတ်ပြန်ချက်

၁၀ မတ်လ ၂၀၁၄ ခုနှစ်

၁။ ၂၀၁၄ ခုနှစ်၊ မတ်လ ၉၊ ၁၀ ရက်နေ့များတွင် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည် ထူထောင်ရေး လုပ်ငန်းဗဟိုဌာန (MPC) ၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်များ၊ တပ်မတော်မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) မှကိုယ်စားလှယ်များသည် ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးကြပါ သည်။

၂။ နှစ်ဖက်ကိုယ်စားလှယ်များမှ အားလုံးသဘောတူညီနိုင်သော တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက် မူကြမ်းတစ်ခုတည်း (Single Text) ရရှိရေးကို ပူးတွဲပြုစုရန်နှင့် အဆိုပါ မူကြမ်းကို ပူးတွဲရေးဆွဲနိုင်ရေးအတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပူးတွဲရေးသားပြုစုရေး လုပ်ငန်းအဖွဲ့ကို နှစ်ဖက်တာဝန်ရှိသူများမှ အညီအမျှပါဝင်သော အရေအတွက် ဖြင့် ညှိနှိုင်း ဖွဲ့စည်းသွားရန် သဘောတူညီခဲ့ကြပါသည်။

၃။ နှစ်ဖက်ကိုယ်စားလှယ်များမှ ၂၀၁၄ခုနှစ်၊ မတ်လနောက်ဆုံးအပတ်တွင် ထပ်မံတွေ့ဆုံ ဆွေးနွေး ရန် သဘောတူညီ ခဲ့ကြပါသည်။ ထပ်မံပြုလုပ်မည့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲသို့ အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ တက်ရောက်နိုင်ရေး အတွက် ဖိတ်ကြားသွားရန်လည်း သဘောတူညီခဲ့ကြပါသည်။

၄။ နှစ်ဖက်တက်ရောက်လာသော ကိုယ်စားလှယ်များမှ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ် မူကြမ်းတစ်ခုကို အောက်ပါ အခန်း (၇) ခန်းဖြင့် ပြုစုရေးသားရန် ပဏာမ သဘောတူခဲ့ကြပါသည်။

နိဒါန်း
အခန်း (၁) အခြေခံမူများ
အခန်း (၂) ဦးတည်ချက်နှင့် ရည်ရွယ်ချက်
အခန်း (၃) အပစ်အခတ်ရပ်စဲရေးဆိုင်ရာကိစ္စရပ်များ
အခန်း (၄) အပစ်အခတ်ရပ်စဲရေးကိုခိုင်မာစေရန် လုပ်ဆောင်ရမည့်နည်းလမ်းများ
အခန်း (၅) နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ
အခန်း (၆) ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ
အခန်း (၇) အထွေထွေ

၅။ နှစ်ဖက်ကိုယ်စားလှယ်အားလုံးသည် တစ်နိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူစာချုပ်ကို အမြန်ဆုံးရေးဆွဲ အကောင်အထည်ဖော်ကြရန်နှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံး ပေါ် ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြပါသည်။